မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 7, 2024 Volume 84, Number 4

| ၇.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၁.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၈၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ၇ လအတွင်း ပဲတန်ချိန် ၂ ဒသမ ၉၈ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့



ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလမှအောက်တိုဘာလအထိ ၇ လအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ချိန် ၂ ဒသမ ၉၈ သန်း တင်ပို့ထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းက သိရသည်။

အဆိုပါတင်ပို့မှုသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ထားခြင်းဖြစ်ပြီး မြန်မာပြည်၌ စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယနှင့်တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံနှင့် MOU နားလည်မှုစာချွန်လွှာရေးထိုးထားပြီး မတ်ပဲတန်ချိန် ၂ သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်းကို နှစ်စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုအခါ အိန္ဒိယနှင့် MOU ရေးထိုးထားသည့် မတ်ပဲတင်ပို့မှုပမာဏကို တန်ချိန် ၅ သိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရေး အတွက် ဆွေးနွေးနေကြကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံစိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့်အခြားပဲများလည်း စိုက်ပျိုးကြကြောင်းသိရသည်။

လက်ရှိတွင် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံမှ တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်း

အဓိကပို့ကုန်တစ်မည်ဖြစ်ကြောင်းသိရသည်။

**Source : Popular News Journal**

## မန်ကျည်းသီးမှည့် ဈေးမြင့်တက်နေ




လက်ကျန် နည်းလာပြီဖြစ်၍မန်ကျည်းသီးမှည့်ဈေးများမြင့်တက်နေကြောင်း ဈေးကွက်က သိရသည်။

လက်ရှိကာလမှာ မန်ကျည်းသီးစတင်သီးချိန်ဖြစ်ပြီး နွေရာသီ ရောက်မှသာ မန်ကျည်းသီးမှည့်မည်ဖြစ်ကာဈေးကွက်သို့အများအပြားဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဈေးကွက်တွင် ပွဲရုံလှောင်သမားလက်ထဲ၌သာ မန်ကျည်းမှည့် လက်ကျန်ရှိသောကြောင့် ဈေးတက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အခုမှ မန်ကျည်းသီးက သီးတာ၊ အစိမ်းတွေပဲရှိသေးတယ်။ အရင်လက်ကျန်တွေပဲရှိတော့တယ်။လှောင်ထားတဲ့သူတွေ လက်ထဲမှာပဲရှိတော့လို့ ဈေးတက်တာပါ။ နွေရာသီလောက်မှမှည့်ပြီး နယ်ဘက်တွေမှာ အပင်လိုက်ခူးတာ။ဟိုအရင်ကလို မန်ကျည်းပင်တွေကလည်း သိပ်မသီးနိုင်ကြတော့ဘူး" ဟု ရေနံချောင်းမြို့မှမန်ကျည်းသီးရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိ ရေနံချောင်းတွင် မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ယခင် ၄၀၀၀ ကျပ် မှ လက်ရှိ ၈၀၀၀ ကျပ်အထိ မြင့်တက်လာကြောင်းလည်း သိရသည်။

ထို့ပြင် ဘုရင့်နောင်ဈေးကွက်တွင် အောက်တိုဘာလ စတုတ္ထအပတ်က မန်ကျည်းသီးအသား တစ်ပိဿာလျှင် ၇၀၀၀ ကျပ်မှ ၉၀၀၀ ကျပ်အထိရှိပြီး လက်ရှိမန်ကျည်းသီးအသားတစ်ပိဿာလျှင်၈၀၀၀ မှ ၁၁,၀၀၀ကျပ် အထိမြင့်တက်လာကြောင်း သိရသည်။

"မန်ကျည်သီးအသစ်က ပိုဈေးကြီးတယ်။ မန်ကျည်းသီးအသစ်ဆိုပေမဲ့ အခုက မှည့်ချိန်မှမဟုတ်တာ။ အရင်နှစ်လောက်ကရတဲ့ မန်ကျည်းသီးကို အသစ်လို့ခေါ်တာ။ အဟောင်းက ဟိုအရင်က လှောင်ထားတဲ့ အသီးကိုပြောတာ။ ဈေးတက်နေတယ်။ အရင်က ၄၀၀၀ ဈေးပဲရှိတာ။အခုလက်လီဈေးဆို ၁၀,၀၀၀ ကျော်တယ်" ဟု မန်ကျည်းပင်စိုက်သူတစ်ဦးက ပြောသည်။

မန်ကျည်းသီးပင်ကို အညာဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး နွေရာသီအသီးမှည့်ချိန်တွင် အစေ့ထုတ်ပြီး မန်ကျည်းအသားအသန့်ပြုလုပ်ကာ လှောင်ထားကြကြောင်း သိရသည်။

မန်ကျည်းသီးမှည့်များအား အစေ့အတိုင်းသော်လည်းကောင်း၊ အစေ့ထုတ်၍သော်လည်းကောင်း နှစ်မျိုးရောင်းချလျက်ရှိကြောင်း သိရသည်။

အချို့လုပ်ငန်းရှင်များအနေဖြင့် မန်ကျည်းသီးမှည့်ကို ပုံမှန် ထိုင်း၊တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်ကိုနယ်စပ်လမ်းကြောင်းမှ တစ်ဆင့် တင်သွင်းလျက်ရှိပြီး စင်ကာပူနှင့်ပါကစ္စတန်ကိုလည်းပင်လယ်ရေကြောင်းမှတစ်ဆင့်တင်သွင်းနေကြောင်းလည်းသိရသည်။

ထို့ပြင် မန်ကျည်းစေ့များကိုလည်း ပြည်ပက ဝယ်ယူလျက်ရှိကြပြီး အဓိကဝယ်ယူသည့်နိုင်ငံသည် တရုတ်နိုင်ငံဖြစ်ကြောင်းလည်း သိရသည်။

**Source :** https://htwettoe.com/

## ခရမ်းချဉ်သီး ဈေးဆက်တိုက်မြင့်တက်လာပြီး လက်ကားတစ်ပိဿာကို ၆၀၀၀ ကျပ်ရှိလာ

ပြည်တွင်းကုန်စိမ်းသီးနှံဈေးကွက်မှာ ခရမ်းချဉ်သီးဈေးကွက်က ဆက်တိုက်မြင့်တက်လာပြီး လက်ကားဈေးကွက်မှာ အမြင့်ဆုံးတစ်ပိဿာ ကို ၆၀၀၀ ကျပ်အထိ ဈေးတန်းရှိလာတယ်လို့ ကုန်သည်တွေဆီက သိရပါတယ်။

TIR



ကုန်စိမ်းပွဲရုံတွေကို ခရမ်းချဉ်သီး အဝင်နည်းပြီး ရောင်းလိုအားကျနေပေမဲ့ ဝယ်လိုအားများနေတာကြောင့် ခရမ်းချဉ်သီးဈေးကွက်က မြင့်တက်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့စက်တင်ဘာလမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုတွေကြောင့် ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးစိုက်ခင်းတွေ ကေထောင်နဲ့ချီ ရေလွှမ်းမိုးခံရပြီး ပျက်စီးခဲ့တဲ့အတွက် ကုန်စိမ်းပွဲရုံတွေကို ကုန်အဝင်နည်းနေတာ ဖြစ်ပါတယ်။

“ ခရမ်းချဉ်က အဝယ်လိုက်တယ်။ ဈေးလည်းတက်တယ်။ အရင် ၅၀၀၀ လောက် ကနေ အခု ၆၀၀၀ ပေါ့။ ၆၀၀၀မှာ တန့်နေတယ်။ အဲဒီထက်တော့ ထပ်မတက်လောက်ဘူးလို့ ခန့်မှန်းတယ်။ မိုးခရမ်းချဉ်အသစ်တွေလည်း မကြာခင်ပေါ်တော့မှာဆိုတော့ အဝင်များရင်တော့ ဈေးကပြန်ကျတာထုံးစံပဲ” လို့ အောင်ပန်းခရမ်းချဉ်သီးကုန်သည်တစ်ဦးက ပြောပါတယ် ။

ခရမ်းချဉ်သီးဈေးနှုန်းက ရှမ်းပြည်နယ်အောင်ပန်းကုန်စိမ်းဈေးကွက်မှာ ခရမ်းချဉ်သီးဝွတ်သီး တစ်ပိဿာကို ၆၀၀၀ ကျပ်၊ ရှယ်သီးက တစ်ပိဿာကို ၅၈၀၀ ကျပ် နဲ့ ရိုးရိုးက တစ်ပိဿာ ၅၀၀၀ ကျပ်အထိရှိပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလ ပထမပတ် ရေကြီးရေလျှံမှုမဖြစ်ခင် ရှမ်းပြည်နယ်မှာ ခရမ်းချဉ်သီးအမှည့်အရဲ၊ အစိမ်း၊ သံယောင် အားလုံး တစ်ပိဿာကို ၅၀၀ ကျပ် မှ ၈၀၀ ကျပ်သာဈေးရှိခဲ့ပြီး ယခုဈေးကွက်နဲ့ယှဉ်ရင် တစ်ပိဿာကို ၅၂၀၀ လောက်အထိ မြင့်တက်လာတာဖြစ်ပါတယ်။

“ ရေမကြီးခင်တုန်းက ခရမ်းချဉ်သီးဈေးကျလို့ လွှင့်ပစ်ရတဲ့အထိတောင်ပြန်ဖြစ်သေးတယ်။ ရေကြီးပြီးမှ ဈေးကွက်က ဆက်တိုက်တက်လာတာ။ အလုံးချောအသန့်က ၈၀၀၀ ဈေးရောင်းတယ်။ ဈေးတွေကအဆင့်ဆင့်ရောင်းကြတာဆိုတော့ မတူကြဘူး။ လက်လီကတော့ ဈေးမြင့်လို့ ရောင်းအားသိပ်မရှိဘူး"ဟု ကုန်စိမ်းရောင်းချသူတစ်ဦးက ပြောပါတယ်။

ခရမ်းချဉ်သီးက လက်ကားဈေးမြင့်တက်မှုနဲ့အတူ လက်လီဈေးကွက်မှာလည်း တစ်ပိဿာကို အနိမ့်ဆုံး ၆၀၀၀ ကနေ ၁၀,၀၀၀ ကျပ်ကျော်အထိ ဈေးတန်းရှိပြီး စားသုံးနှုန်းလျော့ကျပါတယ်။

ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် ကားငှားခတွေမြင့်တက်ခြင်း၊ စက်သုံးဆီဝယ်ယူရခက်ခြင်း၊ ကားတွေသွားလာဖို့ မလွယ်ကူခြင်း၊ လမ်းခရီးပိုင်းမှာ ဂိတ်ကြေးကောက်ခံတဲ့ဂိတ်တွေများခြင်းကြောင့် ခရမ်းချဉ်သီးဈေးက လက်လီဈေးကွက်မှာ ပိုပြီးမြင့်တက်နေတာဖြစ်တယ်လို့သိရပါတယ်။

ခရမ်းချဉ်သီး ဈေးကွက်မြင့်နေတာကြောင့် အိမ်ရှင်မအများစုလည်း ခရမ်းချဉ်သီးနဲ့ချက်ပြုတ်ရာမှာ သုံးစွဲမှုလျော့ချလာကြောင်း သိရသည်။

**Source : https://myanmaawba.com/**

## မကွေးမြို့နယ်တွင် ဖရဲသီးဈေးကောင်းရ၍ တောင်သူများအဆင်ပြေ



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ဖရဲသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဖရဲသီးနှံဧက ၁၀၀ ကျော်စိုက်ပျိုးထားကြောင်းသိရသည်။

ဖရဲသီးနှံကို ဩဂုတ်လတွင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ဖရဲ-855 မျိုးများကို စိုက်ပျိုးကြပြီး တစ်ကေလျှင် ဖရဲမျိုးစေ့ထုပ်လေး

ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ တန်းကြား ငါးပေ၊ ကျင်းကြား သုံးပေခြား၍ မိုးရေသောက်စနစ်နှင့် မြေအောက်ရေတင်စနစ်ဟူ၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၂ သိန်းကျော်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဖရဲသီးအလုံးရေ ၁၅၀၀ –၂၀၀၀ ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဖရဲသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀–၂၅၀၀ ဖြင့်ရောင်းချပြီး တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ စကု၊ ရေနံချောင်းမြို့များအပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ဖရဲသီးနံ့ပေါ်စအချိန်တွင် ဈေးကောင်းရ၍အကျိုးအမြတ်များရရှိသည့်အတွက် ဖရဲစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source : မြန်မာ့အလင်းသတင်းစာ**

## ဒေသထွက်သီးနှံများနှင့်ပတ်သက်၍ တရုတ်နိုင်ငံသို့တင်ပို့နိုင်ရေးအတွက် ဒေသခံများမှလိုလားနေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်အတွင်းရှိ ဒေသအသီးသီးတွင် စိုက်ပျိုးထွက်ရှိထားသည့် သီးနှံများနှင့်ပတ်သက်၍ တောင်သူများက ၎င်းတို့စိုက်ပျိုးထားရှိသည့် သီးနှံများပြန်လည်ရောင်းချရာတွင် သယ်ယူပို့ဆောင်စရိတ်များပြားနေမှုကြောင့် အခက်အခဲများစွာကြုံတွေ့နေရကြောင်းသိရသည်။

မူဆယ်မြို့ပေါ်သို့ တင်ပို့ရောင်းချနိုင်မှုမှာ လျော့နည်းနေသောကြောင့် ခရိုင်အတွင်း စိုက်ပျိုးထားရှိသည့် သီးနှံမျိုးစုံမှာ တောင်သူများထံမှ ဝယ်ယူသည့်ဈေးထက် အဆမတန်ကွာဟမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ထိုသို့ဖြစ်ပေါ်ရခြင်းမှာ သယ်ယူစရိတ်မြင့်မားခြင်း၊ လမ်းခရီးတွင် မမျှော်လင့်ထားသောကုန်ကျစရိတ်များရှိခြင်းနှင့် ရှမ်းမြောက်ဒေသအတွင်း လတ်တလောဖြစ်ပေါ်နေသော တိုက်ပွဲအခြေအနေများကြောင့်လည်းဖြစ်ကြောင်း သိရသည်။

ထိုအခက်အခဲများကြောင့် ကုန်သည်များမှာ တရုတ်ပြည်ထွက်သီးနှံများကို ပြန်လည်ဝယ်ယူရောင်းချနေရပြီး ကုန်ဈေးနှုန်းများမှာ ကျသွားခြင်းမရှိဘဲ အချို့စားသောက်ကုန်များမှာ ပို၍မြင့်တက်လာကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ဒေသအတွင်းထွက်ရှိသည့် သီးနှံများကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချလိုသော်လည်း ဒေသခံများမှာ မည်သည့်အထောက်အထားများနှင့် တင်ပို့ရောင်းချရမည်ကိုမသိရှိသောကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

မကြာမီထွက်ရှိတော့မည့် စပါးများအားလည်း ရောင်းချနိုင်မှုပြုနိုင်ရန်နှင့် ၎င်းတို့ကုန်ကျစရိတ်နှင့်ကိုက်ညီမျှသော ဈေးနှုန်းများဖြင့်ရောင်းချနိုင်ရန် လိုလားနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

စိုက်ပျိုးထွက်ရှိထားသော အခြားသီးနှံများကိုလည်း အဆင်ပြေလွယ်ကူစွာပြန်လည်တင်ပို့ရောင်းချနိုင်ရန် မျှော်လင့်မိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**Source : DOCA(ရှမ်း)**

**https://www.doca.gov.mm/**

## ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

" ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာ ငါးမုတ်ပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးမုတ်တွေကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ် ကောင်းမွန်လာတာပဲဖြစ်ပါတယ်။ လပွတ္တာမြို့နယ်ကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှအခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း လက်ရှိတွင် ငါးမုတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရုရှားနိုင်ငံ၏ သစ်သီးဝလံများ တင်သွင်းမှု ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှအောက်တိုဘာလအထိ ရုရှားနိုင်ငံ၏ သစ်သီးဝလံများ တင်သွင်းမှုသည် ၂၀၂၃ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkhoznadzor)က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် အထိ ရုရှားနိုင်ငံ၏ သစ်သီးဝလံထွက်ကုန်များ တင်သွင်းမှုပမာဏသည် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ၁၀ လတာကာလအတွင်း သစ်သီးဝလံတင်သွင်းမှုပမာဏ တန်ချိန် ၄ ဒသမ ၆ သန်းရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ၅ သန်းနီးပါးရှိ၍ ယေဘုယျအားဖြင့် ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း၊ ပန်းသီးနှင့်သစ်တော်သီးများ တင်သွင်းမှုသည် ၂၀၂၃ ခုနှစ် အလားတူကာလအတွက် တန်ချိန် ၅၀၂,၈၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ၅၃၀,၄၀၀ ထိ တိုးတက်ခဲ့၍ ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း Rosselkhoznadzor ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီးမျိုးဝင်အသီးများအတွက် တင်သွင်းမှုပမာဏသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ တန်ချိန် ၁ ဒသမ ၃ သန်းအထိရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အဆိုပါကာလတွင် မက်မွန်သီး၊ ဆီးသီး၊ ချယ်ရီသီးမျိုးဝင်အသီးများအတွက်တင်သွင်းမှုသည် တန်ချိန် ၇၂၁,၀၀၀ ရှိပြီး ၁ ဒသမ ၉ ရာခိုင်နှုန်းတိုးလာကာ ဘယ်ရီသီးနှင့်အခြားသစ်သီးများတင်သွင်းမှုသည်တန်ချိန် ၄၃၅,၃၀၀ ရှိပြီး ၂၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။

ထို့ပြင် ငှက်ပျောသီးတန်ချိန် ၁ ဒသမ ၁၆ သန်းတင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တူညီသောပမာဏတွင်ရှိသည်။

ရုရှားနိုင်ငံသည် လတ်ဆတ်သစ်သီးဝလံများကို တူကီယဲ၊ အီကွေဒေါ၊ အဇာဘိုင်ဂျန်စသည့်နိုင်ငံများမှ အဓိကတင်သွင်းလျက်ရှိပြီး နိုင်ငံအတွင်း သစ်သီးစားသုံးမှု မြင့်တက်လျက်ရှိသဖြင့် တင်သွင်းမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။

ရုရှားနိုင်ငံသားများသည် လတ်ဆတ်သစ်သီးဝလံအမျိုးမျိုးကို ရည်ရွယ်ချက်မျိုးစုံဖြင့် နှစ်သက်စွာစားသုံးကြသည်။

ယင်းကြောင့် မြန်မာနိုင်ငံမှထွက်ရှိသော ထောပတ်သီးနှင့်သရက်သီးများအပါအဝင် လတ်ဆတ်သစ်သီးဝလံများသည် ရုရှားနိုင်ငံသို့တင်ပို့နိုင်သော ဈေးကွက်အလားအလာရှိသည့် ကုန်စည်များဖြစ်ကြောင်းသိရသည်။

**Source : https://www.alta.ru/external_news/114338/**

**စီးပွားရေးသံမှူး၊ မော်စကိုမြို့**

**https://myantrade.gov.mm/**

## ဗီယက်နမ်၏ ကွမ်းသီးတင်သွင်းမှုအား တရုတ်နိုင်ငံမှ နှစ်ဆတိုးမြှင့်



တရုတ်နိုင်ငံသည် ဗီယက်နမ်မှ ကွမ်းသီး တင်သွင်းမှုကို ပထမ ကိုးလအတွင်း ကန်ဒေါ်လာ ၂၇ ဒသမ ၃ သန်းသို့ နှစ်ဆတိုးကာ ဆိုးရွားသော ရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းထောက်ပံ့မှု သိသိသာသာကျဆင်းသွားမှုကို ကာမိစေရန် ကြိုးပမ်းလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ကွမ်းသီး ၉၀ ရာခိုင်နှုန်းကျော်ကိုထုတ်လုပ်လျက်ရှိသော Haian ကျွန်းစီရင်စုတွင် မုန်တိုင်းဒဏ်ခံရပြီးနောက် ဗီယက်နမ်နှင့်အင်ဒိုနီးရှားကဲ့သို့သော အခြားနိုင်ငံများမှ အရင်းအမြစ်များကိုပိုမိုသုံးစွဲနေရ ကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း၏ အထွေထွေအတွင်းရေးမှူး Dang Phu Nguyen ကပြောကြားခဲ့သည်။

ရောဂါကပ်ဘေးကြောင့် တရုတ်နိုင်ငံ၏ ကွမ်းသီးထုတ်လုပ်မှုကို လျော့နည်းစေပြီး ဈေးနှုန်းများသည် ယခုလ အစောပိုင်းတွင် ၀ ဒသမ ၆ ကီလိုဂရမ်လျှင် ၄၅ ယွမ် (အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၂ ) အထိ ဈေးတက်လာပြီး ၂၀၁၆ ခုနှစ်ထက် ၆ ဆနီးပါး မြင့်တက်ခဲ့သည်။

ယခုနှစ် ဗီယက်နမ်တွင် ကွမ်းသီးဈေးသည် ၁ ကီလိုလျှင် VND ၁၀၀,၀၀၀ နီးပါးအထိမြင့်တက်ခဲ့သော်လည်း ယခုအခါ VND ၅၀,၀၀၀ သို့ ထက်ဝက်နီးပါးကျဆင်းသွားခဲ့သည်။

၎င်းကွမ်းသီးများအား သကြားလုံးထုတ်လုပ်ရန်အတွက် အသုံးပြုပြီး ၎င်းတွင် နိုးကြားမှုနှင့် ပေါ့ပါးသောခံစားမှုကို ပေးနိုင်သည့်အရီကိုလင်းပါဝင်ကြောင်းသိရသည်။

**Source:VietnamPlus**

DOCA ( ရန်ကုန် )

https://myantrade.gov.mm/

## အီကွေဒေါမှ ဘလူးဘယ်ရီသီးများအား ဟောင်ကောင်သို့ စတင်တင်ပို့



အီကွေဒေါသည် ဟောင်ကောင်သို့ ဘလူးဘယ်ရီသီးများအား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှစတင်၍ တင်ပို့ခဲ့သည်။

အီကွေဒေါနိုင်ငံမှ ဟောင်ကောင်သို့ ဘလူးဘယ်ရီသီးများအား တစ်ပတ်လျှင် ၁၅၀၀ ကီလိုဂရမ် တင်ပို့မည်ဖြစ်ပြီး ရာသီကုန်လာသည်နှင့်အမျှ ထုထည်အားဖြင့် နှစ်ဆတိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုဘလူးဘယ်ရီသီးများသည် အီကွေဒေါနိုင်ငံမှ တင်ပို့သော အဝါရောင် နဂါးမောက်သီး၊ သလဲသီးတို့နှင့်အတူ နိုင်ငံတကာဈေးကွက်သို့ စတင်ဝင်ရောက်လာခဲ့သည်။

Nobis Fruit ကုမ္ပဏီသည် ဟောင်ကောင်တွင် AtlasBlue ဘလူးဘယ်ရီသီးမျိုးစိတ်များကို မိတ်ဆက်ရာတွင်ဦးဆောင်ဆောင်ရွက်ခဲ့သည်။

Nobis Fruit ကုမ္ပဏီသည် ဟောင်ကောင်ဈေးကွက်၏ မြင့်မားသော အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် အရွယ်အစားအလိုက် အသီးရွေးချယ်မှု ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပေးသော စက်များထားရှိအသုံးပြုခြင်းနှင့် ပေးပို့ထားသော ဘလူးဘယ်ရီသီးများအား လိုအပ်သော Brix အဆင့်ရှိရန် အာမခံခြင်းကဲ့သို့သော ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြု

TIR

လုပ်ထားကြောင်းသိရသည်။

ဟောင်ကောင်သို့ ဘလူးဘယ်ရီသီးများတင်ပို့ခြင်းသည် အရည်အသွေးနှင့်ဆန်းသစ်တီထွင်မှုများ တိုးတက်လာစေရန်အတွက် အီကွေဒေါ်နိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့် ခြေလှမ်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

Nobis Fruit ကုမ္ပဏီသည် ၂၀၂၄-၂၀၂၅ အတွင်း အမေရိကန်၊ စင်္ကာပူ၊ မလေးရှား၊ တူရကီ၊ စပိန်နှင့်နယ်သာလန်တို့ကဲ့သို့သော အဓိကဈေးကွက်များသို့ ၎င်း၏ ဘလူးဘယ်ရီသီးတင်ပို့မှု ပမာဏကို တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

**Source : Freshplaza**

**DOCA (ရန်ကုန်)**

https://myantrade.gov.mm/

## STOCK EXCHANGE (7.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 54,546 (Shares) | 248,786,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +200 | +2.38% | 8,500 | 8,700 | 8,500 | 2,364 | 20,100,300 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 0 | 0 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 35 | 294,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +50 | +2.63% | 1,950 | 1,950 | 1,950 | 100 | 195,000 | 29,664,613 | 57,846 |
| TMH | 00005 | 2,900 | +100 | +3.57% | 2,800 | 2,900 | 2,800 | 38 | 106,900 | 12,823,224 | 37,187 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 959 | 1,630,300 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 50 | 160,000 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 7th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.21 | +4.34 | +1.10% | 396.62 | 399.50 | 395.99 | 3,546 | 22,486,500 | 8 | 752,986 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 7th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 54,546 (Shares) | 248,786,500 (MMK) |

## Main Board

As of 1:00 pm, 7th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 54,546 (Shares) | 248,786,500 (MMK) |

| MYANPIX | 399.21 ▲ 4.34 |
|---|---|
| Total Volume (shares) | 3,546 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,986 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 200 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 100 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,200 | ▼ 50 |

TIR

TIR